**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် **၃၅၃** / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအခန်း (၃)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)နှင့် အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) တို့အရ **"မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့"** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ဗဟိုအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီးနှင့်<br>ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | သက်ဆိုင်ရာဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၇) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

**မှတ်ချက်။** တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ခ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဗဟိုအဖွဲ့သည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်း၊

(၂) အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းအတွက် အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့် နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(၃) ဗဟိုလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပြီး စီမံကိန်းနှင့်အစီအစဉ်များ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(၄) အထူးစီးပွားရေးဇုန်အလိုက် လုပ်ကိုင်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်းနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြီးစား၊ အလတ်စားနှင့် အသေးစားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၅) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးစီးပွားရေးဇုန်အတွင်း သုံးစွဲရမည့် ငွေကြေးအမျိုးအစား သတ်မှတ်ခြင်း၊ အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်း၊

(၆) အထူးစီးပွားရေးဇုန်တွင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေး စသည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ တာဝန်များသတ်မှတ်ပေးခြင်းနှင့်ကွပ်ကဲခြင်း။

(ဂ) ဗဟိုလုပ်ငန်းအဖွဲ့

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီးနှင့်<br>ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၂) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၃) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(၁၄) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၅) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(၁၆) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၇) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

(၁၉) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၂၀) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**မှတ်ချက်။** တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ဃ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဗဟိုလုပ်ငန်းအဖွဲ့သည် စီမံခန့်ခွဲမှုကော်မတီ၊ ရင်းနှီးတည်ဆောက်သူသို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တင်ပြသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဆိုပြုချက်များ၊ အထူးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စိစစ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၂) အထူးစီးပွားရေးဇုန်တွင် ဇုန်အမျိုးအစား၊ ဦးစားပေးလုပ်ငန်းများ၊ ဇုန်အလိုက်အကြီးစား၊ အလတ်စားနှင့် အသေးစားလုပ်ငန်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက်စိစစ်၍ ဗဟိုအဖွဲ့သို့တင်ပြပြီး သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(၃) နိုင်ငံတကာမှ အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အခြားဆောင်ရွက်သင့်သည့် အထူးစီးပွားရေးဇုန်များနှင့် နေရာဒေသတို့ကို လေ့လာ၍ ဗဟိုအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၄) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေဆိုင်ရာများနှင့် အခြားကိစ္စရပ်များကို စိစစ်၍ အကြံပြုတင်ပြခြင်း။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး